ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

**ရခိုင့်တော်လှန်ရေးအာဇာနည်ခေါင်းဆောင် ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း(ALP/ALA) ကျဆုံးခြင်း (၄၆) နှစ်မြောက် အခမ်း အနားသို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) မှပေးပို့သော သဝဏ်လွှာ**

**နေ့စွဲ - ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃) ရက်**

**အမှတ် - ၃/၂၀၂၃**

၁၉၇၇ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင်ကျဆုံးခဲ့သော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ/ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALP/ALA) ၏ ဥက္ကဋ္ဌကြီး ခိုင်မိုးလင်းသည် ရခိုင်ပြည်လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကိုဆင်နွှဲရာတွင် လေးစားအတုယူဖွယ် ရခိုင့်တော်လှန်ရေးခေါင်းဆောင်ကြီးအဖြစ် မိမိတို့ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များ အစည်း အရုံး (AASYC) မှလက်ခံယုံကြည်ပါသည်။

ဥက္ကဋ္ဌကြီး ခိုင်မိုးလင်းသည် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲရန်အတွက် မိုင်ထောင်ချီခရီးရှည်ကို ခြေလျင်ချီတက်ခဲ့သူ ဖြစ်ပြီး တော်လှန်ရေးသမိုင်းဖြတ်သန်းမှုတွင် ရန်/ငါ ပြတ်သားစွာဖြင့် ဖောက်ပြန်သူနယ်ချဲ့ရန်သူများထံတွင် ဒူးမထောက် လက်မမြှောက်ဘဲ အမျိုးသားတော်လှန်ရေးစိတ်ဓာတ်ကို သက်သေထူခဲ့သည်မှာ ယနေ့မျိုးဆက်များ၏နှလုံးအိမ်တွင်ပဲ့တင်ထပ်နေဆဲပင်ဖြစ်သည်။

ဥက္ကဋ္ဌကြီး ခိုင်မိုးလင်းချမှတ်ခဲ့သော တော်လှန်ရေးသံနိဋ္ဌာန် (၅) ချက်သည်ပင် ယနေ့ခေတ် ရခိုင်အမျိုးသားလွတ်မြောက်ရေး အတွက် အခြေခံရမည့်သံမဏိပညတ်ချက်များအဖြစ်လက်ခံယုံကြည်လျှက် ဤသဝဏ်လွှာအားပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)